# PEOPLE DEFENSE FORCE

## DEMAWSO

ကြေညာချက်အမှတ် (၁၀/၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

(၂၅-၉-၂၀၂၂) စကစတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်၊ ကရင်နီပူးပေါင်းရေးတပ်၊ လွိုင်ကော် ပြည်သူ့ကာကွယ်ရေးတပ်များသည် ဒီးမော့ဆိုမြို့နယ်၊ ကန်းသာကျေးရွာ တွင် နစ်ဖက်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ပွဲတွင် စကစတပ်မှ အကျအဆုံးများခဲ့သဖြင့် (၂၆-၉-၂၀၂၂) ရက်နေ့တွင် စကစဘက်မှ ကျောက်ဆည်ကန်ဘက်သို့ စစ်ကူများ ထပ်မံစေလွှတ်ခဲ့သော်လည်း ပြည်သူ့ ကာကွယ်ရေးတပ်ပေါင်းများမှ ပြင်းထန်စွာ ခုခံကာကွယ် တိုက်ခိုက်ခဲ့သောကြောင့် စကစများ ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ပါသည်။

ထို့ကြောင့် (၂၇-၉-၂၀၂၂) ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုမှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာတွင် (၂၅-၉-၂၀၂၂) ရက်နေ့၌ ကန်းသာကျေးရွာအတွင်း KNDF တပ်ဖွဲ့မှ ရဲဘော်တစ်ဦး သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့သည့်အပြင် (၂၅-၉-၂၀၂၂) ရက်နေ့တွင် ကျဆုံးသွားသော မဟာမိတ် တပ်ဖွဲ့မှ ရဲဘော်တစ်ဦးတို့အား ရှာဖွေတွေ့ရှိသဖြင့် ယနေ့တွင် သက်ဆိုင်ရာသုသာန်များသို့ အသီးသီး သွားရောက် သဂြိုလ်ခဲ့ပါကြောင်း အသိပေးအပ်ပါသည်။

ထို့အပြင် အကြမ်းဖက်စစ်ကောင်စီမှ ကန်းသာကျေးရွာနှင့်သေးဆုလဲကျေးရွာရှိ ပြည်သူ့အိုးအိမ် စုစုပေါင်း (၃၅)ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကာ မြေမြှုပ်မိုင်းများကိုလည်း အချို့နေရာတွင် တည်ထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ ဒီးမော့ဆိုမြို့ပြည်သူ့ကာကွယ်ရေးတပ် နှင့် ပူးပေါင်းတပ်ဖွဲ့များအနေဖြင့် အကြမ်းဖက် စစ်ကောင်စီတပ်အား ဆက်လက်၍ အမြစ်ပြတ်ချေမှုန်းတိုက်ထုတ်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ် ပါသည်။

အရေးတော်ပုံ အောင်ရမည်။

ပြည်သူ့ကာကွယ်ရေးတပ်

ဒီးမော့ဆိုမြို့